## (၂၃-၄-၂၀၂၁)မှ (၂၉-၄-၂၀၂၁) အထိ သကြားပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၁-၃-၂၀၂၁) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၅၀.၇၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၂၇-၄-၂၀၂၁) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၇၇.၉၀) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 27-Apr-21 | 17.77 cts/lb | 16.24 cts/lb | 477.90 $/T | 21.68 cts/lb |
| 26-Apr-21 | 17.10 cts/lb | 16.06 cts/lb | 463.00 $/T | 21.00 cts/lb |
| 23-Apr-21 | 16.86 cts/lb | 15.90 cts/lb | 458.60 $/T | 20.80 cts/lb |
| 22-Apr-21 | 16.85 cts/lb | 15.76 cts/lb | 460.10 $/T | 20.87 cts/lb |
| 21-Apr-21 | 16.85 cts/lb | 15.62 cts/lb | 460.60 $/T | 20.89 cts/lb |
| 20-Apr-21 | 16.69 cts/lb | 15.49 cts/lb | 458.60 $/T | 20.80 cts/lb |
| 19-Apr-21 | 16.22 cts/lb | 15.36 cts/lb | 450.45 $/T | 20.43 cts/lb |
| 16-Apr-21 | 16.57 cts/lb | 15.29 cts/lb | 458.35 $/T | 20.79 cts/lb |
| 15-Apr-21 | 16.30 cts/lb | 15.18 cts/lb | 456.00 $/T | 20.68 cts/lb |
| 14-Apr-21 | 15.86 cts/lb | 15.12 cts/lb | 442.65 $/T | 20.08 cts/lb |
| 13-Apr-21 | 15.47 cts/lb | 15.08 cts/lb | 427.50 $/T | 19.39 cts/lb |
| 12-Apr-21 | 15.36 cts/lb | 15.08 cts/lb | 424.40 $/T | 19.25 cts/lb |
| 9-Apr-21 | 15.41 cts/lb | 15.09 cts/lb | 427.70 $/T | 19.40 cts/lb |
| 8-Apr-21 | 15.18 cts/lb | 15.10 cts/lb | 426.65 $/T | 19.35 cts/lb |
| 7-Apr-21 | 15.07 cts/lb | 15.14 cts/lb | 424.55 $/T | 19.26 cts/lb |
| 6-Apr-21 | 15.04 cts/lb | 15.20 cts/lb | 426.80 $/T | 19.36 cts/lb |
| 1-Apr-21 | 14.72 cts/lb | 15.33 cts/lb | 421.05 $/T | 19.10 cts/lb |
| 30-Mar-21 | 14.87 cts/lb | 15.47 cts/lb | 427.00 $/T | 19.37 cts/lb |
| 29-Mar-21 | 14.86 cts/lb | 15.52 cts/lb | 427.90 $/T | 19.41 cts/lb |
| 26-Mar-21 | 15.06 cts/lb | 15.58 cts/lb | 432.85 $/T | 19.65 cts/lb |
| 25-Mar-21 | 14.99 cts/lb | 15.64 cts/lb | 434.15 $/T | 19.69 cts/lb |
| 24-Mar-21 | 15.45 cts/lb | 15.70 cts/lb | 444.30 $/T | 20.15 cts/lb |
| 23-Mar-21 | 15.25 cts/lb | 15.72 cts/lb | 436.00 $/T | 19.78 cts/lb |
| 22-Mar-21 | 15.36 cts/lb | 15.76 cts/lb | 443.05 $/T | 20.10 cts/lb |
| 19-Mar-21 | 15.54 cts/lb | 15.79 cts/lb | 446.80 $/T | 20.27 cts/lb |
| 18-Mar-21 | 15.65 cts/lb | 15.87 cts/lb | 449.10 $/T | 20.37 cts/lb |
| 17-Mar-21 | 15.74 cts/lb | 15.95 cts/lb | 451.35 $/T | 20.47 cts/lb |
| 16-Mar-21 | 15.98 cts/lb | 16.06 cts/lb | 455.80 $/T | 20.67 cts/lb |
| 15-Mar-21 | 15.83 cts/lb | 16.14 cts/lb | 452.40 $/T | 20.52 cts/lb |
| 12-Mar-21 | 15.83 cts/lb | 16.26 cts/lb | 453.05 $/T | 20.55 cts/lb |
| 11-Mar-21 | 16.00 cts/lb | 16.34 cts/lb | 456.65 $/T | 20.71 cts/lb |
| 10-Mar-21 | 15.64 cts/lb | 16.38 cts/lb | 446.75 $/T | 20.26 cts/lb |
| 9-Mar-21 | 15.55 cts/lb | 16.42 cts/lb | 445.95 $/T | 20.23 cts/lb |
| 8-Mar-21 | 15.83 cts/lb | 16.45 cts/lb | 452.30 $/T | 20.52 cts/lb |
| 5-Mar-21 | 15.97 cts/lb | 16.45 cts/lb | 455.65 $/T | 20.67 cts/lb |
| 4-Mar-21 | 15.83 cts/lb | 16.43 cts/lb | 453.80 $/T | 20.58 cts/lb |
| 3-Mar-21 | 15.74 cts/lb | 16.44 cts/lb | 450.50 $/T | 20.43 cts/lb |
| 2-Mar-21 | 15.96 cts/lb | 16.45 cts/lb | 457.75 $/T | 20.76 cts/lb |
| 1-Mar-21 | 15.82 cts/lb | 16.44 cts/lb | 450.75 $/T | 20.45 cts/lb |

I:\download\5. Sugar (23-29).4.21.docx

၂။ ၂၀၂၁ ခုနှစ်၊ ဧပြီလ နောက်ဆုံးပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြား ဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၅၄) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန် နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၃၄၃) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် (၁) တန် လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၈၈-၆၀၂) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၃၅-၅၂၅) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ အနည်းငယ် မြင့်တက်ခဲ့ပြီး ပါကစ္စတန် နိုင်ငံတွင် သကြား ဈေးနှုန်းများ ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ၂၀၂၁ ခုနှစ်၊ ဧပြီလ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြား (၁) တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၃) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၅၄) ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် (၁) တန် ပေါ်တွင် အမေရိကန်ဒေါ်လာ (၅၁၁) ဒေါ်လာ ဈေးနှုန်း ကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၄၉၀) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၁၃) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

၄။ ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာ လျှင် (၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ထားဝယ်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရပါသည်။

၅။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်၊ ဧပြီလ နောက်ဆုံးပတ် တွင် ကမ္ဘာ့သကြား ဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၂.၁၃ % ဈေးနှုန်း မြင့်တက်ခဲ့ ကြောင်း လေ့လာတွေ့ရှိရပါသည်။